# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဝန်ထမ်းများကို ကျေးဇူးတင်အသိအမှတ်ပြုမှတ်တမ်းတင်ပါကြောင်း

နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ ဧပြီလ (၄) ရက်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ လုပ်ဖော်ကိုင်ဖက်များ ခင်ဗျား –

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါဟု ကြေညာထားသော COVID–19 ရောဂါသည် မိမိတို့နိုင်ငံတွင်လည်း ပြည်ပမှကူးစက်ဝင်ရောက်မှုအပြင် နိုင်ငံတွင်း ကူးစက်ဖြစ်ပွားမှုများပါရှိနေပြီ ဖြစ်ပါသည်။

ထိုသို့ဖြစ်ပွားမှုရှိနေသည့်အတွက် ကျန်းမာရေးဝန်ထမ်းများသည် သံသယ/စောင့်ကြည့်လူနာများအား တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဆေးရုံကြီးများတွင်လည်းကောင်း၊ COVID–19 လူနာများအား တီးတိန်မြို့နယ် ပြည်သူ့ဆေးရုံ၊ ဝေဘာဂီအထူးကုဆေးရုံကြီး၊ ကန်တော်နဒီဆေးရုံ၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)၊ လားရှိုးပြည်သူ့ဆေးရုံကြီးနှင့် ပြည်သူ့ဆေးရုံ (ပြည်မြို့) တို့တွင်လည်းကောင်း ထားရှိကုသမှုပေးလျက်ရှိပါသည်။

အဆိုပါ ဆေးရုံများမှ ဆေးရုံအုပ်ကြီးများ၊ ဆရာဝန်၊ သူနာပြု၊ ဆေးဘက်ဆိုင်ရာအထောက်အကူပြုပညာရှင်များနှင့် အခြားဝန်ထမ်းများအားလုံးသည် ကိုယ်တိုင်ရောဂါကူးစက်ခံရနိုင်ချေများရှိနေသော်လည်း ကျန်းမာရေးပညာရှင်များ၏ ကျင့်ဝတ်များနှင့်အညီ လူနာများ ဝေဒနာသက်သာစေရန်နှင့် အသက်ဆုံးရှုံးမှုမရှိစေရန်အတွက် အစွမ်းကုန်ကုသမှုများ ပေးလျက်ရှိသည်ကို တွေ့မြင်နေရပါသည်။

အလားတူ ပြည်သူ့ကျန်းမာရေးဝန်ထမ်းပညာရှင်များသည် ပြည်ပမှဝင်ရောက်လာသူများအား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ သံသယလူနာများရှာဖွေခြင်း၊ COVID–19 လူနာများနှင့် ထိတွေ့ခဲ့သူများအား ရှာဖွေထောက်လှမ်းခြင်း၊ အသွားအလာကန့်သတ်ခြင်း၊ ကျန်းမာရေးအသိပညာပေးပိုစတာ၊ လက်ကမ်းစာစောင်နှင့် အချက်အလက်များ ပြုစုထုတ်ဝေခြင်းနှင့် ရပ်ကွက်၊ ကျေးရွာများအနှံ့ ကျန်းမာရေးအသိပညာပေးနှိုးဆော်ခြင်း

လုပ်ငန်းများကိုလည်းကောင်း၊ ဓာတ်ခွဲပညာရှင်များသည် COVID-19 ဓာတ်ခွဲနမူနာ ရယူခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်းများကိုလည်းကောင်း၊ eHealth ပညာရှင်များသည် ပြည်သူများထံသတင်းဖြန့်ဝေခြင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လွယ်ကူစေရေးအင်တာနက်ကွန်ရက်၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အသုံးချဆောင်ရွက်ခြင်းကိုလည်းကောင်း၊ ဗဟိုအဆင့်တာဝန်ရှိသူများသည် ပေါင်းစပ်ညှိနှိုင်းမှုများကိုလည်းကောင်း အသီးသီးဆောင်ရွက်နေကြပြီး ဝန်ထမ်းများအားလုံးသည် ကျန်းမာရေးပညာရှင်များ၏ ဆေးပညာကျင့်ဝတ်များနှင့်အညီ (၂၀၂၀) ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့မှစ၍ ယနေ့အထိ အချိန်ကာလ (၃)လခန့် ကြာမြင့်သည့်တိုင် လုံ့လဝီရိယနှင့် စွမ်းအားတို့ကိုမလျှော့ဘဲ နေ့မအား၊ ညမနား မိမိတို့၏ အခန်းကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို သိရှိတွေ့မြင်နေရပါသည်။

ဤကဲ့သို့ COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဆေးနှင့်ဆေးနီးနွယ်ပညာရှင်များ ပီသစွာ စိတ်စေတနာအပြည့်ဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ တစ်ထောင့်တစ်နေရာစီမှ ပြည်သူများအားလုံး၏ အကျိုးအတွက် ကြိုးစားတာဝန်ထမ်းရွက်လျက်ရှိကြသော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းတစ်ဦးတစ်ယောက်စီတိုင်းအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကိုယ်စားအထူးကျေးဇူးတင်အသိအမှတ်ပြုကာ မှတ်တမ်းတင်အပ်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သော Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်မှုဖြင့် ယခုကဲ့သို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းများသည် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၊ နီးနွယ်ဌာန/ အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းကာ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်နေမှုများကြောင့် COVID-19 ကပ်ရောဂါကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါသည်။

**ပြည်ထောင်စုဝန်ကြီး**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**